APR Energy ၏ဖြေကြားချက်များ

လုပ်ငန်းနယ်ပယ် - ရေနံနှင့် သဘာဝဓါတ်ငွေ့

ဌာနချုပ်တည်ရာ - အမေရိကန်ပြည်ထောင်စု

APR စွမ်းအင်လုပ်ငန်းသည် မေးခွန်းတစ်ခုချင်းနှင့်ပတ်သက်၍ ဖြေကြားပေးမည့်အစား ယေဘုယျ ပြန်ကြားချက်ကို အောက်ပါအတိုင်း ပေးပို့ပါသည်။

APR စွမ်းအင်လုပ်ငန်းနှင့် ပတ်သက်၍ သင်တို့၏စိတ်ဝင်စားမှုနှင့် စုံစမ်းမေးမြန်းမှုများအတွက် ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံရှိ APR စွမ်းအင်လုပ်ငန်း၏ လတ်တလော ရင်းနှီးမြှုပ်နှံမှုများသည် သင်တို့ဖော်ပြထား သကဲ့သို့ အများပြည်သူကြည့်ရှုနိုင်သော မှတ်တမ်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၌သာမက အခြားမည်သည့်နေရာတွင်မဆို ထပ်မံ၍ရင်းနှီးမြှုပ်နှံရန် အလားအလာများအတွက် အနာဂတ်မဟာဗျူဟာများ ဖော်ပြထားခြင်း မရှိပါ။ သို့သော် APR စွမ်းအင်လုပ်ငန်းသည် OFAC အစီရင်ခံစာပါ လိုအပ်ချက်များ အတိုင်း လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို အသိပညာပေးခြင်းဖြင့် စပ်လျဉ်းသည့်မူဘောင်များ၏ လိုအပ်ချက်နှင့်ရည်ရွယ်ချက်များကို အပြည့်အဝအာရုံစူးစိုက်ပါသည်။ အဆိုပါ အစီရင်ခံစာပါ လိုအပ်ချက်များ၏ အရေးပါပုံကို နားလည်သဘောပေါက်ပြီး လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုများ အစပြုလုပ်ရန် အရေးပါသောနေရာမှ အထောက်အပံ့ပေးနိုင်ပုံ ကိုလည်း နားလည်သဘောပေါက်ပါသည်။

APR စွမ်းအင်လုပ်ငန်း၏ ပထမဦးစားပေးသည် ယင်း၏လုပ်သားများ လုံခြုံရေးနှင့်လူတန်းစေ့ နေနိုင်ရေးတို့ ဖြစ်ပါသည်။ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သောမူဝါဒနှင့် အစီအမံများ အသင့်ရှိပြီး ထိုမူဝါဒအတိုင်း လိုက်နာဆောင်ရွက်ပါသည်။ ထို့အပြင် APR စွမ်းအင်လုပ်ငန်းသည် နိုင်ငံသားတို့၏ တာဝန်များကို အလေးအနက်ခံယူပြီး ၎င်းတို့အလုပ်အကျွေးပြုရာ လူမှုအသိုင်းအဝန်း၌ အကျိုးရှိ၍ ရေရှည်တည်တံ့ခိုင်မြဲမည့် မတူခြားနားသောအရာများကို ဆောင်ရွက်ပေးရန် အစဉ်အမြဲ ကြိုးစားနေပါသည်။ APR သည် ဒေသတွင်း စာသင်ကျောင်းများပြုပြင်ရေး အစီအစဉ်များအပါအဝင် မြန်မာနိုင်ငံ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ APR စွမ်းအင်လုပ်ငန်း၏ လူမှုပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ယူမှုများနှင့်စပ်လျဉ်းသည့် အသေးစိပ်အချက်အလက်များနှင့် အစီအစဉ်များကို ၂၀၁၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ စာမျက်နှာ (၄၀)မှ (၄၅) အတွင်းဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့၏ အင်တာနက်၊ ဝက်ဘ်ဆိုက်ဖြစ်သော http://www.aprenergy.com/sites/default/files/2013_apr_energy_ara.pdf. တွင်လည်း ကူးယူနိုင်ပါသည်။

လျှပ်စစ်မီးရယူသုံးစွဲနိုင်ခြင်းမရှိသော သိသာထင်ရှားသည့် လူဦးရေအချိုးအစားတစ်ရပ်အတွက် မြန်မာနိုင်ငံတွင် လိုအပ်သော လျှပ်စစ်မီးကိုရရှိနိုင်ရန် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ရှိနိုင်ပါသည်။ ယခုအချိန်ထိ နိုင်ငံတွင်း၌ ထပ်မံ၍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကျွန်ုပ်တို့အနေဖြင့် ဆက်လက်ရှာဖွေနေပါသည်။ သင့်တော်သည့်မူဝါဒများနှင့်စီမံချက်များကို ဆက်လက်ထိန်းသိမ်းထားပြီး

ကျွန်ုပ်တို့၏တာဝန်များကို ဖြည့်စွမ်းရန် ထိရောက်သောနည်းလမ်းနှင့် အချိန်ကိုက် ဆက်လက်ဆောင်ရွက်နေပါသည်။